## "ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်မှတ်ပုံတင်လျှောက်ထားရန် ရက်ချိန်းရယူခြင်း" အတွက် အသိပေးကြေညာချက်

၁။ ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေနှင့်အညီ မှတ်ပုံတင်လျှောက်ထားရန် အမိန့်အမှတ် (၆၃/၂၀၂၀)အရ ဒုတိယအဆင့်ဖွင့်လှစ်မည့် ၂၀၂၃ ခုနှစ် ၊ ဧပြီလ(၃)ရက်နေ့မှစ၍ ကုန်အမှတ်တံဆိပ်မူပိုင်ခွင့် မှတ်ပုံတင်လျှောက်လွှာများကို မူပိုင်ခွင့်ဦးစီးဌာန၏ လျှောက်လွှာလက်ခံသည့် နေရာများတွင် လာရောက်လျှောက်ထားနိုင်မည်ဖြစ်ပါသည်။

၂။ ထိုသို့လျှောက်ထားရာတွင် လျှောက်ထားသူများ လျှင်မြန်လွယ်ကူစွာနှင့် အချိန်ကုန်သက်သာစေရန် ရည်ရွယ်၍ မူပိုင်ခွင့်ဦးစီးဌာန Website ၏ (www.ipd.gov.mm) အီလက်ထရောနစ်ဝန်ဆောင်မှုများ (e-Services) ကဏ္ဍအောက်တွင် မှတ်ပုံတင်လျှောက်ထားခြင်းအတွက် ရက်ချိန်းရယူနိုင်သည့်စနစ်ကို ဆောင်ရွက်ထားရှိပါသည်။ ရက်ချိန်းရယူနိုင်ရန် ဆောင်ရွက်မှုအဆင့်ဆင့်ကို အောက်ပါအတိုင်း လုပ်ဆောင်ရမည် ဖြစ်ပါသည်-

(က) မူပိုင်ခွင့်ဦးစီးဌာန၊ Website(www.ipd.gov.mm) ၏ မူလစာမျက်နှာ(Home Page)ရှိ အီလက်ထရောနစ် ဝန်ဆောင်မှုများ (e-Services) သို့ ဝင်ရောက်ပါ၊

(ခ) လျှောက်လွှာလက်ခံမည့် ရုံးနေရာကိုရွေးချယ်ပါ ၊ (နေပြည်တော်၊ ရန်ကုန် )

(ဂ) လာရောက်လျှောက်ထားလိုသည့် နေ့ရက်ကိုရွေးချယ်၍ လျှောက်လွှာအရေအတွက်ကို ဖြည့်စွက်ပါ၊

(ဃ) လာရောက်လျှောက်ထားမည့်သူ၏ အမည် ၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ၊ ဖုန်းနံပါတ်၊ အီးမေးလ် လိပ်စာတို့ကိုဖြည့်စွက်ပါ၊

(င) အချက်အလက်များအားလုံး ဖြည့်စွက်ပြီးပါက Submit Button ကိုနှိပ်၍ ရက်ချိန်းရယူနိုင်ပြီ ဖြစ်ပါသည်။

(စ) ရက်ချိန်းရယူသူ၏ အီးမေးလ်သို့ မူပိုင်ခွင့်ဦးစီးဌာန အီးမေးလ် deptip.infotech@ipd.gov.mm မှ ရက်ချိန်းရယူခြင်းကို လက်ခံရရှိကြောင်း အကြောင်းကြားစာကို ပြန်လည်ပေးပို့ပေးမည် ဖြစ်ပါသည်။

၃။ ကုန်အမှတ်တံဆိပ်မူပိုင်ခွင့် မှတ်ပုံတင်လျှောက်ထားရန် ရက်ချိန်းရယူသည့်စနစ်နှင့်စပ်လျဉ်း၍ မေးမြန်းလိုပါက အောက်ဖော်ပြပါ Help desk များသို့ဆက်သွယ်မေးမြန်းနိုင်ပါသည်-

| | |
|---|---|
| နေပြည်တော် | ရုံးအမှတ်(၅၂) ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ နေပြည်တော်၊ ဖုန်း- ၀၆၇-၄၃၀၅၉၄ |
| ရန်ကုန်ရုံးခွဲ | အမှတ်(၂၂၈) / ၂၄၀၊ ကမ်းနားလမ်း ၊ ပန်းဘဲတန်းမြို့နယ် ၊ ရန်ကုန်မြို့၊ ဖုန်း - ၀၁-၈၃၈၀၂၆၅ |
| မန္တလေးရုံးခွဲ | ၃၅လမ်း နှင့် ၆၃x၆၄ လမ်းကြား၊ ပို့ကုန်သွင်းကုန်ရုံး၊ ကုန်သွယ်ရေးဦးစီးဌာန၊ |

မှတ်ချက်။ ။ အထက်မြန်မာပြည်ရုံးခွဲ(မန္တလေး)အား ၂၀၂၃ ခုနှစ်၊ ဧပြီလ(၁၈)ရက်နေ့မှ စတင် ဖွင့်လှစ်၍ လက်ခံဆောင်ရွက်ပေးမည် ဖြစ်ပါသည်။

**မူပိုင်ခွင့်ဦးစီးဌာန**